## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၂၄)

## လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု သဘောတရားအခြေခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချဉ်းကပ်ခြင်း (၅)

လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှုကို လက်တွေ့ကျင့်သုံးနိုင်ဘို့ လိုအပ်တဲ့အရာတရပ်ကတော့ လူထုအနေနဲ့ တယောက်ခြင်းစီဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ၊ ရပ်တည်လှုပ်ရှားတဲ့နေရာမှာ အားရှိနေဘို့ပါဘဲ။ အားရှိတယ်ဆိုတာ ဘာပါလိမ့်လို့ မေးစရာရှိပါတယ်။ အနိမ့်ဆုံးအားဖြင့် ပြောရရင် လူတဦးခြင်းစီမှာ အခြေခံလုံခြုံမှုအတွက် အာမခံချက်ရှိနေဘို့ ဖြစ်ပါတယ်။ ငါ အမှားအယွင်းတခုခု မလုပ်သမျှ၊ အခြား လူတဦးဦးကိုဖြစ်ဖြစ် လူ့အဖွဲ့အစည်းတခုလုံးကိုဖြစ်ဖြစ်၊ ခြိမ်းခြောက်အန္တရာယ်ဖြစ်စေမယ့် ပြစ်မှုတရပ်ရပ်ကို မကျူးလွန်သမျှကာလပတ်လုံး ငါ့ကိုဘယ်သူမျှလာပြီး ထိပါးစော်ကားခွင့် မရှိစေရဘူးဆိုတဲ့ သိမြင်၊ နားလည်၊ ယုံကြည်မှု၊ လူတိုင်းမှာ ရှိနေဘို့လိုပါတယ်။ လက်တွေ့မှာလည်း အုပ်ချုပ်သူ အာဏာပိုင်တွေက ကိုယ့်ရဲ့အခြေခံလုံခြုံမှုကို ဥပဒေမဲ့ လာရောက်ထိပါးခြင်း မပြုနိုင်ဘို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားဥပဒေများနဲ့ အညီလည်း အကာအကွယ်တွေ ရနေဘို့လိုပါတယ်။

ဒီအခြေခံကို လက်တွေ့အကောင်အထည်ဖေါ်တဲ့ တိုင်းပြည်တခုအကြောင်းတင်ပြပါရစေ။ အဲဒါကတော့ တောင်အာဖရိက နိုင်ငံဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံဟာ လူဖြူလူမဲ ခွဲခြားကျင့်သုံးအုပ်ချုပ်တဲ့ အာဏာရှင်တွေကြီးစိုးလွှမ်းမိုးခဲ့တဲ့ တိုင်းပြည်ဖြစ်ခဲ့တယ်။ အရပ်သားလူထုတွေရဲ့ လုံခြုံမှုဟာ ဘာမှ အာမခံချက်မရှိခဲ့ဘူး။ အချိန်မရွေး ဖမ်းဆီး၊ ချုပ်နှောင်၊ သတ်ဖြတ်ခံရမှာ ကြောက်နေခဲ့ရတယ်။ အာဏာရှင်တွေ အုပ်ချုပ်တဲ့ တိုင်းပြည်တွေမှာ အုပ်ချုပ်သူတွေကတော့ သူတို့ကိုယ်သူတို့ အားရှိအောင် လုပ်ထားကြတယ်။ ဒါနဲ့ပြောင်းပြန်ပါဘဲ။ အုပ်ချုပ်ခံ အရပ်သားလူထုကိုတော့ အားနည်းအောင်လုပ်ထားလေ့ရှိကြတယ်။ ဘယ်လိုလုပ်သလဲ။ အကြောက်တရားတွေ လွှမ်းမိုးအောင်လုပ်ထားတာဘဲ ဖြစ်ပါတယ်။ အာဏာပိုင်တွေက အချိန်မရွေး ဖမ်းဆီး၊ ချုပ်နှောင်၊ ညှင်းဆဲတာကိုခံရမယ့် အခြေအနေရှိရင် လူထုတွေမှာထိတ်လန့် ကြောက်ရွံ့တာဟာ သဘာဝဘဲ ဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံက လူထုတွေဟာ ဒီလို အခြေအနေမျိုးနဲ့ နှစ်ပေါင်းရာချီနီးနီး အသက်ရှင်နေထိုင်ခဲ့ရတယ်။

ဒါကြောင့် တောင်အာဖရိကနိုင်ငံမှာ ၁၉၉၀ ခုနှစ်များအတွင်း နိုင်ငံရေး အပြောင်းအလဲတွေဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ်ကို ရေးဆွဲရတော့မယ်ဆိုတဲ့ အခါမှာ သူတို့အဓိက အလေးထားပြီး စဉ်းစားတဲ့ အရာတွေအနက်က တရပ်ကတော့ နိုင်ငံသားတွေရဲ့ လုံခြုံမှုပါဘဲ။ အတိတ်မှာဖြစ်ခဲ့သလို အုပ်ချုပ်သူ အာဏာပိုင်တွေက ဥပဒေမဲ့ ဖမ်းဆီး၊ ချုပ်နှောင်၊ ညှင်းဆဲ၊ သတ်ဖြတ်ခံရမယ့် အခြေအနေမျိုးကို မလိုချင်တော့ဘူး။ ဒါမျိုးတွေ ထပ်မဖြစ်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ကာကွယ်စောင့်ရှောက်မှုကိုရချင်တယ်။ တောင်အာဖရိက နိုင်ငံသားတွေရဲ့ အဲဒီဆန္ဒဟာ သိတ်ကို ပြင်းပြခဲ့တယ်လို့ ပြောရပါလိမ့်မယ်။ ၁၉၉၃–၁၉၉၆ ခုနှစ်တွေမှာ ဖွဲ့စည်းပုံဆိုင်ရာ လှုပ်ရှားမှုတွေ အားကောင်းကောင်းပေါ်လာတော့ ဖွဲ့စည်းပုံရေးဆွဲဘို့ တာဝန်ရှိခဲ့တဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ကျေးလက်တောရွာတွေကိုပါ ဆင်းပြီး လူထုဆန္ဒတွေကို ကောက်ယူစုဆောင်းကြတဲ့အခါမှာ ဒီအချက်ကို ထင်ထင်ရှားရှား တွေ့ခဲ့ရတယ်။

၁၉၉၆ ခုနှစ်မှာ အပြီးသတ် အတည်ပြုခဲ့ပြီး ယနေ့တိုင်ကျင့်သုံးနေဆဲဖြစ်တဲ့ တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅ မှာ နိုင်ငံသားတွေရဲ့ လုံခြုံမှုကို အဓိကထားပြီး ကာကွယ်ပြဌာန်းထားတာကို လေ့လာတွေ့ရှိရတယ်။ အခြေခံအခွင့်အရေးများ ကဏ္ဍမှာ ဖမ်းဆီး၊ ချုပ်နှောင်၊ စွဲဆိုခံရသူများဆိုတဲ့ ခေါင်းစဉ်နဲ့ ပုဒ်မကြီး တခု၊ ပုဒ်မခွဲ (၅) ခု၊ ပုဒ်မခွဲငယ် ၂၇ ခု နဲ့ကို ကျယ်ကျယ်ပြန့်ပြန့် ပြဌာန်းထားတယ်။ အဲဒီ ပြဌာန်းချက်တွေဟာ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အခြေအနေတွေကို ထင်ဟပ်ထားသလားလို့တောင် မှတ်ယူလို့ရနိုင်ပါတယ်။ အောက်ပါတို့ကိုလေ့လာကြည့်ပါ။

ပုဒ်မ ၃၅ ပုဒ်မခွဲ (၁) မှာ အောက်ပါအတိုင်းပြဌာန်းထားတယ်။

ပြစ်မှု တခုခုဖြင့် စွပ်စွဲဖမ်းဆီးခံရသူတိုင်းတွင် အောက်ပါအခွင့်အရေးများ ရှိစေရမည်။

(က) (မေးခွန်းများကို မဖြေဆိုဘဲ) နုတ်ဆိတ်နေခွင့်။

(ခ) နုတ်ဆိတ်နေခွင့် နှင့် နုတ်ဆိတ်မနေခြင်း၏ အကျိုးသက်ရောက်မှုများကို သိရှိခွင့်။

(ဂ) ဝန်ခံချက် သို့မဟုတ် ဖြောင့်ချက်အဖြစ် အသုံးပြုရန်အလို့ငှာ အတင်းအကြပ်ပြုခြင်းမှ ကင်းလွတ်ခွင့်။

(ဃ) အောက်ပါအချိန်အပိုင်းအခြားထက် မပိုစေရဘဲ တတ်နိုင်သမျှဆောလျှင်စွာ တရားရုံးရှေ့မှောက်သို့ ပို့ဆောင်ခွင့်–

(၁) ဖမ်းဆီးခံရပြီးနောက် ၄၈ နာရီ အတွင်း

(၂) အကယ်၍ ၄၈ နာရီသည် သာမန်အားဖြင့်တရားရုံးမထိုင်သည့်နေ့တွင်ပြည့်သွားခဲ့လျှင်၊ ၄၈ နာရီကျော်လွန်ပြီးနောက် တရားရုံးဖွင့်လှစ်သည့် ပထမရက်ကုန်ဆုံးသည့်နေ့အတွင်း

(င) ဖမ်းဆီးခံရပြီးနောက် ပထမဆုံး အကြိမ်ရုံးထုတ်သည့် အချိန်တွင် စွဲချက်တင် ခံယူခွင့်၊ သို့မဟုတ် လွှတ်မည်ဟူ၍သော်လည်းကောင်း၊ ဆက်လက်ချုပ်နှောင်လိုပါကလည်း မည်သည့်အကြောင်းနှင့် ဆက်လက်ချုပ်နှောင်ထားမည် ဖြစ်သည်ဟူ၍ သော်လည်းကောင်း သိရှိခွင့်။

ဖမ်းဆီးချုပ်နှောင်မှုတွေဟာ လက်ရှိ မြန်မာနိုင်ငံအတွင်းမှာ အတောမသတ်အောင် ဖြစ်ပွားနေပါတယ်။ အထက်အမိန့်အရ ဆိုတဲ့အကြောင်းပြချက်နဲ့ ဖြစ်စေ၊ မိမိတို့ ကိုယ်တိုင်ရဲ့ဆုံးဖြတ်ချက်နဲ့ဖြစ်စေ၊ အုပ်ချုပ်သူ အာဏာပိုင်အဆင့်ဆင့်ဟာ လူထုတွေကို အလွယ်တကူ ကြက်ကလေး ငှက်ကလေးဖမ်းသလို ဖမ်းဆီးချုပ်နှောင် နေကြတယ်။ အဖမ်းခံရတယ်ဆိုတဲ့ ကိစ္စဟာကြာတော့ လူတွေ အတွက်ရိုးလာတယ်။ ထမင်းစား ရေသောက်လိုဖြစ်လာတယ်။ အင်မတန်မှ တန်ဘိုးကြီးမားတဲ့ မိမိတဦးချင်းစီရဲ့ ကိုယ်ပိုင်လွတ်လပ်မှုဆုံးရှုံးသွားခဲ့ပြီဆိုတဲ့ အပေါ်လေးနက်မှုတွေ တောင်မှ လျော့နည်းကျဆင်းစ ပြုလာတယ်။

လူ့လောကမှာ လူကောင်းတွေချည်းဘဲ ရှိတယ်လို့တော့ ယူဆလို့မရနိုင်ပါ။ လူဆိုးတွေ၊ လူယုတ်မာတွေလည်းရှိကြတာ အသေအချာပါဘဲ။ ဒီလူတွေဟာ အခြားသူတဦးရဲ့အခြေခံလွတ်လပ်မှုကို ထိပါးစော်ကားပြီ၊ လူ့အဖွဲ့အစည်းရဲ့ တည်ငြိမ်မှုနဲ့ ငြိမ်းချမ်းမှုကို ခြိမ်းခြောက်နှောက်ယှက်ပြီ၊ ဆိုရင်တော့ ဖမ်းဆီးချုပ်နှောင်ဘို့လိုအပ်မှာအမှန်ပါဘဲ။ ဒါကြောင့် တိုင်းပြည်တိုင်းမှာ အဲသလို လူတွေကို လိုအပ်ရင်ဖမ်းဆီးနိုင်ဘို့အတွက် ဥပဒေတွေ စနစ်တကျပြဋ္ဌာန်းထားရတာ ဖြစ်ပါတယ်။ ဒါဟာ အင်မတန်မှ သဘာဝ ကျလှပါတယ်။

တချိန်ထဲမှာ အပြစ်ကင်းမဲ့သူတွေကို မှားယွင်းပြီး ဖမ်းဆီးမိတာမျိုးတွေ မရှိအောင်၊ အုပ်ချုပ်သူ အာဏာပိုင်တွေက နိုင်ငံရေး အတိုက်အခံတွေအပေါ် လုပ်ကြံစွပ်စွဲချက်တွေပြုပြီး ဖိနှိပ်ဖမ်းဆီးတာမျိုးတွေ မဖြစ်ပွားအောင်၊ ဥပဒေက အကာအကွယ်ပေးထားဘို့လည်း လိုအပ်ပါတယ်။ တောင်အာဖရိကနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို သည် အခြေခံတွေကနေ စဉ်းစားခဲ့ကြတာပါဘဲ။

အမှန်တကယ် လူဆိုးဖြစ်လို့ ဖမ်းတယ်ဘဲ ထားကြပါစို့။ သူ့ကို တရားရုံးမှာ ခုခံချေပခွင့် အမြန်ဆုံးပေးဘို့ လိုအပ်ပါတယ်။ လူကောင်းတဦးကို မှားယွင်းပြီး ဖမ်းလိုက်မိတယ် ဆိုကြပါစို့။ တရားရုံးမှာ အမြန်ဆုံးတင်ခွင့်ရမယ်ဆိုရင် ချက်ခြင်းလွတ်သွားနိုင်ပါတယ်။ ဒါကြောင့် ဖမ်းဆီးတဲ့ကိစ္စရပ်တွေနဲ့ ပတ်သက်လို့ တောင်အာဖရိကနိုင်ငံမှာအရေးတကြီးထားတဲ့ ပြဋ္ဌာန်းချက်တွေ အနက်၊ ဖမ်းဆီးခံရပြီးပြီးခြင်း ၄၈ နာရီကို မကျော်ပြုပြီး တရားရုံးတင်ခွင့် ရရှိရေးကို မရှိမဖြစ် အခြေခံအခွင့်အရေးအဖြစ် အဓိကထားပြီးပြဋ္ဌာန်းထားတာကို တွေ့ရပါလိမ့်မယ်။

တောင်အာဖရိကနိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ အဲဒီ အခြေခံအခွင့်အရေးဟာ ကန့်သတ်ချက်မရှိပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီကာကွယ်ပြဋ္ဌာန်းထားတဲ့ အခွင့်အရေးဖြစ်ပါတယ်။ ကိုင်း ဒါဖြင့်ရင် ဖမ်းဆီးမှုတွေ အတောမသတ်အောင် ဖြစ်နေတဲ့ မြန်မာနိုင်ငံမှာ နအဖ ပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံဆိုင်ရာအခြေခံမူတွေနဲ့ နှိုင်းယှဉ်ကြည့်ကြရအောင်ပါ။ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူတွေအနက် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုတဲ့ အခန်းရဲ့အပုဒ် (၃၅) မှာ အောက်ပါအတိုင်း ဖေါ်ပြထားတာကို တွေ့ရပါတယ်။

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူ အကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ၊ သို့မဟုတ် တည်ဆဲ ဥပဒေ တရပ်ရပ်အရခွင့်ပြုသည့် ကိစ္စမှတပါး မည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသောတရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ (၂၄) နာရီထက် ပို၍ ချုပ်နှောင်ခြင်း မပြုရ။

နောက်ဆုံးပိုင်း ဖေါ်ပြထားချက် ဖြစ်တဲ့ **"မည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသောတရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ (၂၄) နာရီထက် ပို၍ ချုပ်နှောင်ခြင်း မပြုရ။"** ဆိုတာကိုကြည့်ရုံနဲ့ ကောင်းလှပြီလို့ ဆန္ဒစေါ မသုံးသပ်ပါနဲ့ဦး။

အဲဒီ ပြဋ္ဌာန်းချက်ကို အသေအချာလေ့လာကြည့်ပါ။ နိုင်ငံသားတွေရဲ့ အခြေခံအခွင့်အရေးကို ရိုးရိုးရှင်းရှင်း ဖေါ်ပြထားတာမျိုးမဟုတ်ပါဘူး။ (Exception Clause) လို့ခေါ်တဲ့ ချွင်းချက်ပြဋ္ဌာန်းချက်ကို တွေ့ရမှာဖြစ်တယ်။ အရေးကြီးတဲ့ ချွင်းချက်ပြဋ္ဌာန်းချက်ကတော့ **"အများပြည်သူ အကျိုးငှာ ဥပဒေနှင့် အညီ ကြိုတင်ကာ**

**ကွယ်ထားရှိရန် လိုအပ်သောကိစ္စ၊ သို့မဟုတ် တည်ဆဲ ဥပဒေ တရပ်ရပ်အရခွင့်ပြုသည့် ကိစ္စ”** ဆိုတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ဆိုလိုခြင်တာကတော့ အဲသလို ကိစ္စမျိုးဆိုရင် ၂၄ နာရီထက်ကျော်လွန်ပြီး ဖမ်းဆီးချုပ်နှောင်ခွင့်ရှိတယ် လို့ ရှင်းရှင်းပြဌာန်းထားတာပါဘဲ။

“အများပြည်သူ အကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ၊ သို့မဟုတ် တည်ဆဲ ဥပဒေတရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စ” ဆိုတာကို လက်ရှိတည်ဆဲ ဥပဒေဖြစ်တဲ့ ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးသူများ၏အန္တရာယ်မှ ကာကွယ်သည့်ဥပဒေမှာ သာဓကတရပ်အနေနဲ့ အတိအလင်းတွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီ ဥပဒေရဲ့ ပုဒ်မ (၇) မှာ အောက်ပါအတိုင်းပြဌာန်းထားပါတယ်။

**နိုင်ငံသားတဦးဦးသည် နိုင်ငံတော်၏ အချုပ်အချာ အာဏာနှင့် နိုင်ငံတော် လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတခုခုကို ပြုလုပ်ခဲ့သည် သို့မဟုတ် ပြုလုပ်နေသည် သို့မဟုတ် ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သောအကြောင်းရှိလျှင် ဝန်ကြီးအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေးတရပ်ရပ်ကို လိုအပ်သလို ကန့်သတ်မိန့်ချမှတ်နိုင်သည်။**

အဲဒီ ဥပဒေအရ လက်ရှိအချိန်မှာ အာဏာပိုင်တွေဟာ နိုင်ငံသားတဦးဦးကို မသင်္ကာရုံနဲ့ ချိန်မရွေးဖမ်းဆီးနေတာ အားလုံးအသိပါ။ တရားရုံးမတင်ဘဲလဲ (၅) နှစ်အထိ ဖမ်းဆီးချုပ်နှောင်ခွင့် ပြုထားဆဲပါဘဲ။ ဒီဥပဒေအောက်မှာ ဖမ်းဆီးချုပ်နှောင်ခံခဲ့ရလို့ ဘဝပျက်သွားသူပေါင်း အမြောက်အများရှိနေပါပြီ။ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အောက်မှာ ဒီလို မတရား ဖိနှိပ်တဲ့ဥပဒေတွေ ဆက်ပြီးတည်ရှိနေပါလိမ့်မယ်။ ဒီ ဥပဒေတွေရဲ့ ဖိစီးမှုတွေကြောင့် လူထုအတွက် အခြေခံလုံခြုံမှု အာမခံချက် ဆက်လက်ကင်းမဲ့နေမှာ အသေအချာပါဘဲ။ အခြေခံလုံခြုံမှု အာမခံချက် မရှိသမျှကာလပတ်လုံး လူထုတွေဟာ ဆက်လက်ပြီး ကြောက်ရွံ့နေမှာ၊ အားနည်းနေမှာ အသေအချာဖြစ်ပါတယ်။ တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့တော့ ဆီနဲ့ရေလို ကွာခြားနေပါပြီ။ တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လူဖြူလူမဲ ခွဲခြားကျင့်သုံးအုပ်ချုပ်တဲ့ အာဏာရှင်စနစ်အောက်ကနေ ဒီမိုကရေစီကို ပြောင်းလဲသွားစေခဲ့တာဖြစ်ပါတယ်။ နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ စစ်အာဏာရှင်စနစ်ကို ဖွဲ့စည်းပုံမရှိဘဲ ကျင့်သုံးခဲ့ရာကနေ စစ်အာဏာရှင်စနစ်ကိုဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ပုံစံတကျ ကျင့်သုံးနိုင်ရေးကို အထောက်အကူပြုဖေါ်ဆောင်ဘို့ဘဲ ဖြစ်ပါတယ်။ ကဇော်ဟောင်းကို အိုးသစ်နဲ့ ထည့်တာကလွဲလို့ဘာမှ မထူးခြားပါ။

လူထုတွေ တောင့်တင်းအားကောင်းတဲ့ အခြေခံကနေ လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှု မူသဘောတရားကို ကျင့်သုံးခြင်တယ်ဆိုရင်တော့ လူထုကို အားနည်းနေအောင်၊ ချည့်နဲ့နေအောင်၊ အကြောက်တရားတွေ ဆက်ပြီးလွှမ်းမိုးနေအောင် အုတ်မြစ်ချ ဖန်တည်းထားတဲ့ နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပယ်ချဘို့ကလွဲလို့ အခြားမရှိတဲ့ အကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။